## ခွင့်ပြုချက်ရ စိုက်ပျိုးမွေးမြူရေး ဈေးများနှင့် ခြံထွက်ပစ္စည်း စတိုးဆိုင်များတွင်

# သင်၏ WIC QR ကုဒ်ကို အသုံးပြုနည်း

သင်၏ လစဉ် သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာ အကျိုးခံစားခွင့်များနှင့် Farmers Market Nutrition Program (FMNP၊ စိုက်ပျိုးမွေးမြူသူများ ဈေး အာဟာရ အစီအစဉ်) အကျိုးခံစားခွင့်များကို Special Supplemental Nutrition Program for Women, Infants and Children (WIC, အမျိုးသမီးများ၊ နို့စို့ကလေးငယ်များနှင့် ကလေးများအတွက် အထူးဖြည့်စွက်အာဟာရ ထောက်ပံ့မှု အစီအစဉ်) QR ကုဒ်ဖြင့် အသုံးပြုနိုင်ပါသည်။ ကျေးဇူးပြု၍ ***WIC သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ***အပြင် ***Farmers Market Nutrition Program*** ဝဘ်စာမျက်နှာများကို ဝင်ကြည့်ပါ။

**သင်၏ WIC ကုဒ်ကို အသုံးပြုရန် အောက်ပါအဆင့်များကို လုပ်ဆောင်ပါ-**



## အဆင့် 1

**ခွင့်ပြုချက်ရ WIC စိုက်ပျိုးမွေးမြူသူများ ဈေး သို့မဟုတ် ခြံထွက်ပစ္စည်းစတိုးဆိုင်ကို ရှာပါ။**

**အကြံပြုချက်** *သင်၏ WICShopper အက်ပ်ကို ကြည့်ပါ သို့မဟုတ် စာရင်းကို **FMNP ဝဘ်စာမျက်နှာ**တွင် ကြည့်ပါ။*



## အဆင့် 2

**သင့်တွင် သင်၏ WIC QR ကုဒ်ရှိကြောင်း သေချာပါစေ။**

**အကြံပြုချက်** *သင့်ဖုန်းဖြင့် သင်၏ QR ကုဒ်ကို ဓာတ်ပုံရိုက်ပြီး စိုက်ပျိုးမွေးမြူသူများ ဈေး သို့မဟုတ် ခြံထွက်ပစ္စည်း စတိုးဆိုင်တွင် အသုံးပြုပါ။*




## အဆင့် 3

**သင်၏ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို ရွေးချယ်ပါ။**

**အကြံပြုချက်** *ဤသင်္ကေတကို ပြသသည့် စိုက်ပျိုးရောင်းချသူ များကို ရှာပါ။*



## အဆင့် 4

**စိုက်ပျိုးရောင်းချသူသည်၎င်းတို့၏ မိုဘိုင်းလ်စက်ဖြင့် သင်၏ QR ကုဒ်ကို စကန်ဖတ်ပြီး ဝယ်ယူမှု ပမာဏတွင် ထည့်သွင်းပါမည်။**



## အဆင့် 5

**သင်၏ ဝယ်ယူမှု ပမာဏကို အတည်ပြုပြီး သင်၏ WIC ကတ်တွင် ဂဏန်း 4 လုံးပါ PIN နံပါတ် တစ်ခု ရိုက်ထည့်ပါ။**

**အကြံပြုချက်** *သင်၏ WIC သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာ အကျိုးခံစားခွင့်များမတိုင်ခင် FMNP အကျိုးခံစားခွင့်များကို အရင်ဆုံး အသုံးပြုပါမည်။ **မှတ်ချက်-** သင်၏ ဝယ်ယူမှုကို ကျခံပေးမည့် လုံလောက်သော အကျိုးခံစားခွင့်များ သင့်တွင် မရှိပါက တခြားနည်းလမ်းဖြင့် သင်ပေးဆောင်နိုင်သည် သို့မဟုတ် အများကြီးမဝယ်ရန် သင်ရွေးချယ်နိုင်သည်။*

**အကူအညီ** **Cascades အကူအညီ 1-800-841-1410၊ လိုင်းခွဲ 3 ကို ခေါ်ပြီး 2 ကို ရွေးပါ**

Washington State Department of HEALTH

DOH 964-024 April 2023 Burmese | ဤစာရွက်စာတမ်းကို အခြားဖောမက်တစ်ခုဖြင့် ရယူလိုပါက 1-800-841-1410 ကိုဖုန်းခေါ်ပါ။ နားမကြားသူများနှင့် အကြားအာရုံ ချို့ယွင်းနေသည့် ဖောက်သည်များအတွက် 711 (Washington Relay) သို့ ဖုန်းခေါ်ပေးပါ သို့မဟုတ် WIC@doh.wa.gov သို့ အီးမေးလ်ပို့ပေးပါ။